ミャンマー連邦共和国
労働省
労働局
Nay Pyi Taw

通知番号　：3/27/ALaNya(移転)2018(7549)
日付　　　：2018年3月21日

宛先　　：全送り出し機関

内容　　：記録写真等の毎月の送付

参照（1）：労働局の（2018/3/9）付けの、通知番号3/27/ALaNya(移転)2018(5824)
参照（2）：労働省の（2018/3/20）付けの、通知番号53/ALa/Kwe(2)2018(3436)

1．海外にミャンマー人労働者を派遣している際、海外で働いている労働者の権利が守られているか、不都合があるか等を把握するとともに労働者との連絡が途絶しないために、現場で勤務している記録写真等を、国名、工場・会社名を記載したPhoto Captionにして、MOEAFから労働省に毎月5日までに電子データで送るよう参照（1）で連絡をした。
2．海外に労働者を派遣した送り出し機関は、スマートカードの作成時、海外労働者トレーニングセンターでの受講時、雇用契約書の契約時、スマートカードの発行時、ミャンマーから派遣する労働者の出国前手続き時、海外の工場に到着時の写真等を記録しPhoto Captionにして送ること。

Win Shein
(局長)

ဝင်စာအမှတ် - ၁၁၅၃
ရက်စွဲ - ၂၂.၃.၂၀၁၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
## နေပြည်တော်

စာအမှတ်၊ ၃/ ၂၇/ အလည (ရွှေပြောင်း) ၂၀၁၈(၂၅၄၉ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်

သို့
ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအားလုံး

အကြောင်းအရာ။ ဓါတ်ပုံမှတ်တမ်းများ လစဉ်ပေးပို့ရန်ကိစ္စ အကြောင်းကြားခြင်း

ရည် ညွှန်း ချက် ။ (၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ၉-၃-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၃/၂၇/အလည(ရွှေပြောင်း)၂၀၁၈(၅၈၂၄)

(၂) ဝန်ကြီးရုံး၏ ၂၀-၃-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၅၃/အလ/ခွဲ(၂) ၂၀၁၈ (၃၄၃၆)

၁။ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီမှတစ်ဆင့် အလုပ်သမားများကို ပြည်ပနိုင်ငံများသို့ တရားဝင်စေလွှတ်နိုင်ရေး ခွင့်ပြုပေးလျက်ရှိရာ ကုမ္ပဏီများမှ ပြည်ပနိုင်ငံသို့ စေလွှတ်ထားသော အလုပ်သမားများ လုပ်ငန်းခွင်တွင် အလုပ်သမား အခွင့်အရေးများ ချိုးဖောက်ခံရမှုမရှိစေရန်၊ အဆင်ပြေမှု ရှိ-မရှိ သိရှိရန်နှင့် ဆက်သွယ်မှု မပြတ်ရှိစေရန်တို့အတွက် လုပ်ငန်းခွင်၌ အလုပ်သမားများ အလုပ်လုပ်လျက်ရှိနေကြောင်းကို နိုင်ငံ၊ စက်ရုံအမည် လိပ်စာများ ပြည့်စုံစွာ ဖော်ပြပါရှိသည့် မှတ်တမ်းဓါတ်ပုံများအား Photo Caption နှင့်အတူ လစဉ်ပေးပို့ရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခဲ့သည့် ကုမ္ပဏီများသည် ပြည်ပအလုပ်အကိုင် အလုပ်သမားမှတ်ပုံတင်ကတ်ပြား ပြုလုပ်ခြင်း၊ ပြည်ပအလုပ်အကိုင်လမ်းညွှန် သင်တန်းတက်ရောက်ခြင်း၊ အလုပ်ရှင်/ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ပအလုပ်သမား သက်သေခံကတ်ပြား ထုတ်ယူခြင်း၊ မြန်မာရွှေပြောင်းလုပ်သားများသတင်းပို့နေရာသို့ သတင်းပေးပို့ခြင်း၊ စေလွှတ်ခြင်း၊ အလုပ်လုပ်သည့်စက်ရုံသို့ ရောက်ရှိခြင်း စသည်တို့ ပါရှိသည့် မှတ်တမ်းဓါတ်ပုံများကို Photo Caption များနှင့်အတူ လစဉ်ပေးပို့ရန် အကြောင်းကြားပါသည်။

ဝင်းရှိန်
ညွှန်ကြားရေးမှူးချုပ်

Myanmar Overseas Employment Agencies Federation

通知番号　：MOEAF/Siman-1/2018(0222)
日付　　　：2018 年 3 月 31 日

宛先　　：全送り出し機関の Director　各位

内容　　：記録写真等の毎月の送付

参照（1）：労働局の（2018/3/9）付けの、通知番号 3/27/ALaNya(移転)2018(5824)
参照（2）：労働局の（2018/3/21）付けの、通知番号 3/27/ALaNya(移転)2018(7549)

1．参照文書（1）のとおり、海外にミャンマー人労働者を派遣している際、海外で働いている労働者の権利が守られているか、不都合があるか等を把握するとともに労働者との連絡が途絶しないために、現場で勤務している記録写真等を、国名、工場・会社名を記載した Photo Caption にして、MOEAF から労働省に毎月 5 日までに電子データで送るよう指示があった。
2．MOEAF は 2018 年 3 月 15 日に大臣と面会し、記録写真の送付について、送り出し機関にとってどのような問題点があるかを陳情した。
3．その結果、労働省から参照文書（2）のとおり、海外に労働者を派遣した送り出し機関は、スマートカードの作成時、海外労働者トレーニングセンターでの受講時、雇用契約書の契約時、スマートカードの発行時、ミャンマーから派遣する労働者の出国前手続き時、海外の工場に到着時の写真等を記録し Photo Caption にして送るよう指示があった。
4．以上を踏まえ、全送り出し機関が労働省の参照文書（2）のとおり、必要な手続きを行うよう通知する。

Peter Nyunt Maung(会長)
MOEAF

写しを
オフィス

Myanmar Overseas Employment Agencies Federation

မြန်မာပြည်ပအလုပ်အကိုင်စီစဉ်ဆောင်ရွက်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်

No.456, Room-600( 6th Floor ), Corner Of Merchant Road and Bogalay Zay Street, Botahtaung Township, Yangon, Myanmar . Tel (+95) 01-256727, 09-452695822

E-Mail : moeaf2012@gmail.com, Website : www.moeaf.org.mm

စာအမှတ် ။ MOEAF/ စီမံ-၁/၂၀၁၈ (၀၂၁၁)

ရက်စွဲ ။ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်

သို့

ခုပ်ချုပ်မှုဒါရိုက်တာ

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ

အကြောင်းအရာ ။ ။ ဓါတ်ပုံမှတ်တမ်းများ လစဉ်ပေးပို့ရန်အကြောင်းကြားခြင်းကိစ္စ

ရည်ညွှန်းချက်(၁) ။ ။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ (၉-၃-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၃/၂၇/ အလည(ရွှေ့ပြောင်း) ၂၀၁၈ (၅၈၂၄)

ရည်ညွှန်းချက်(၂) ။ ။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ (၂၀-၃-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၃/၂၇/ အလည(ရွှေ့ပြောင်း) ၂၀၁၈ (၇၅၇၉)

၁။ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတဆင့် အလုပ်သမားများကို ပြည်ပနိုင်ငံများသို့ တရားဝင်စေလွှတ်ခွင့်ပြုပေးလျက်ရှိရာတွင် အေဂျင်စီများမှ မိမိတို့ စေလွှတ်ထားသော အလုပ်သမားများ လုပ်ငန်းခွင်တွင် အလုပ်သမားအခွင့်အရေးများ ချိုးဖောက်ခံရမှုမရှိစေရန်၊ အဆင်ပြေမှု ရှိ/မရှိ သိရှိနိုင်ရန် ၊ ဆက်သွယ်မှု မပြတ်ရှိစေရန်အတွက် အလုပ်သမားများလုပ်ငန်းခွင်တွင် လုပ်ကိုင်နေသော မှတ်တမ်း ဓါတ်ပုံများကို နိုင်ငံ၊ စက်ရုံအမည်လိပ်စာများပြည့်စုံစွာဖော်ပြထားသည့် Photo Caption ပြုလုပ်ပြီး မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှတဆင့် လစဉ် လဆန်း(၅)ရက်နေ့အရောက် Soft Copy ဖြင့်ပေးပို့ရန် အကြောင်းကြားလာပါသည်။

၂။ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်သည် ပြည်ထောင်စုဝန်ကြီးနှင့် (၁၅-၃-၂၀၁၈)ရက်နေ့တွင် တွေ့ဆုံခဲ့ပြီး ဓါတ်ပုံမှတ်တမ်းများ လစဉ်ပေးပို့ရမည့်ကိစ္စရပ်များတွင် လိုင်စင်ရအေဂျင်စီများအားလုံး တွေ့ကြုံရင်ဆိုင်ရမည့် မြေပြင်အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ပါသည်။

၃။ ယခုအခါ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ရည်ညွှန်းချက်(၂)ပါစာဖြင့်ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခဲ့သည့် ကုမ္ပဏီများသည် ပြည်ပအလုပ်အကိုင် အလုပ်သမားမှတ်ပုံတင်ကတ်ပြားပြုလုပ်ခြင်း၊ ပြည်ပအလုပ်အကိုင်လမ်းညွှန် သင်တန်းတက်ရောက်ခြင်း၊ အလုပ်ရှင်/အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာစာချုပ်ချုပ်ဆိုခြင်း၊ ပြည်ပအလုပ်သမား သက်သေခံကတ်ပြားထုတ်ယူခြင်း၊ မြန်မာရွှေ့ပြောင်းလုပ်သားများသတင်းပို့နေရာသို့ သတင်းပေးပို့ခြင်း၊ စေလွှတ်ခြင်း၊

အလုပ်လုပ်သည့်စက်ရုံသို့ရောက်ရှိခြင်းစသည်တို့ပါရှိသည့် မှတ်တမ်းဓါတ်ပုံများကို Photo Caption များနှင့်အတူလစဉ် ပေးပို့ရန် အကြောင်းကြားလာပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ရည်ညွှန်းချက်(၂)ပါအကြောင်းကြားစာအတိုင်း ဆောင်ရွက်သွားနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့်

ဥက္ကဋ္ဌ
မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်
Peter Nyunt Maung
Chairman
Myanmar Overseas Employment Agencies Federation
Yangon, Myanmar

မိတ္တူကို -

- ရုံးလက်ခံ